# ခမိတ်ကျေးရွာ

# တမူးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

# (၂၀၁၆–၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ခမိတ်ကျေးရွာ၊ တမူးမြို့နယ်

(တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မှ ကူညီရေးဆွဲသည်)

Asiyin( PC)

# မာတိကာ


မာတိကာ

စကားချီး

သံယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

အပိုင်း(၁)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

၂။ သဘာဂအရင်းအမြစ်များ

၃။ လူဦးရေဆိုင်ရာအချက်အလက်များ

၄။ စီးပွားရေးအခြေအနေ

၅။ ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၆။ ကျန်းမာရေးနှင့် အာဟာရ

၇။ ပညာရေးနှင့် ကျွမ်းကျင်မှုများ

၈။ ကျား-မရေးရာ

၉။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

၁၀။ သီးနှံ၊သား၊ငါး ထုတ်လုပ်ရေးကဏ္ဍ

၁၁။ ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

၁၂။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၁၃။ အခြေခံအဆောက်အဦ- လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမီမှု

၁၄။ အဟာန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၁၅။ ဆောင်ရွက်မည့် နည်းဗျူဟာ

၁၆။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


(က) ဦးစားပေးစီမံချက်

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

နောက်ဆက်တွဲ


ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

# ခမိတ်ကျေးရွာ သယံဇာတပြမြေပုံ



Asiyin( PC)

# ခမိတ် ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆–၂၀၁၇ခု ဘဏ္ဍာရေးနှစ်မှ (၂၀၁၆–၂၀၂၀) ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ ၏ ပထမဦးဆုံးသော ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း ဆောင်ရွက်နိုင် ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော မြို့နယ် စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဌနှင့် အဖွဲ့များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့် သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့် နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်း ပို့ချဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင် သောနေရာများမှလည်း ကောက်ယူရရှိ ခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ အကူအညီ ရယူရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိက ဖော်ပြ ထားပြီး အပိုင်း(၂) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်း များ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တမူးမြို့နယ်

## အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (က)နိဒါန်း

၁။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ် ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက် များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

၂။ ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေ သောအချက်များ အပေါ်အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက် မည့်စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ် ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

### (ခ) ရည်ရွယ်ချက်

၃။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရ စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများ ကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှု ကို တိတိကျကျပံ့ပိုးပေးရာရောက်ပါ သည်။

## (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၄။ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား**

ကျေးရွာသည် ကလေး – တမူး ကားလမ်းမကြီး၏ အရှေ့ (၂) မိုင် (၄)ဖာလုံခန့်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ တမူးမြို့နှင့်ဆက်သွယ်သွားလာရ လွယ်ကူသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး နှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးအဖြစ် ကြက်၊ ဝက်၊ ကျွဲ၊ နွားတို့ကိုမွေးမြူကြပါသည်။ ၂၀၁၅ ခုနှစ် သြဂုတ်လရေလွှမ်းမှုကြောင့် လယ်ယာများထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ဆက်လက်၍ ရေကြီးရေလွှမ်းမှု အန္တရာယ်ရှိနေဆဲဖြစ်ပါသည်။ ရေသွင်းဆည်အား ပြုပြင်ရန် အဓိကလိုအပ်ပါသည်။

**သဘာဝအရင်းအမြစ်များ**

ကျေးရွာသည် လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသံယံဇာတ မထွက်ရှိပါ။ တောင်သူအချို့မှာ ရေချောင်း ၊ ရေမြောင်းများမှ လယ်မြေများအား ရေသွင်းစိုက်ပျိုးနိုင်ပြီး မြေအောက်ရေအသုံးပြုမှုမရှိပါ။ စပါးနှင့်ယာခင်းများတွင် မုံ့ညင်း၊မြေပဲ၊ဟင်းစားပဲမျိုးစုံတို့ကိုစိုက်ပျိုးကြပြီး ရိုးပန်းလယ်ကွက်များအတွင်း မြေပဲကိုဆက်လက်စိုက်ပျိုးကြပါသည်။

**လူဦးရေဆိုင်ရာအချက်လက်များ**

အိမ်ထောင်စုပေါင်း (၂၅၂)စုနှင့် ကျား (၆၀၉)၊ မ(၅၉၇)ဦးဖြင့် လူဦးရေပေါင်း (၁၂၀၆)ဦးရှိကာတစ်အိမ်ထောင်လျှင်ပျမ်းမျှ (၄.၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် လျှင်ပျမ်းမျှနှုန်း(၅)ဦးနှုန်းအောက် လျော့နည်းပါသည်။

ကျေးရွာတွင်ဗမာလူမျိုးများ နေထိုင် ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၇၀)% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် ၅.၂ % ပိုများသည်။

## စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာသာမာန်အားဖြင့်လျော့နည်းသည်။ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၅% သည် ဆင်းရဲ နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့် အဖြစ် သတ်မှတ်ကြပြီး ၂ % သည်ချမ်းသာသည့်အဆင့် ၊ ၃၃% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ ဆင်းရဲသောအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး လယ်ယာလုပ်ငန်းခွင်၊ လက်သမား၊ ပန်းရံ၊ လမ်းခင်းစသည့် ဆောက် လုပ်ရေးလုပ်ငန်းများ၌ နေ့စားလိုက်၍ ဝမ်းစာရှာဖွေနေကြပါသည်။

## ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားကာ ရာသီအလိုက် လုပ်ငန်းခွင်လည်း နည်းပါးပါသည်။ ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများကို လေ့လာကြည့်ရာ အိမ်ထောင်စု ၁၀ % သည် သူတစ်ပါးထံမှ ချေးငှားပြီး နပ်မှန်စားသုံးနေရပါသည်။ ၁၈% မှာ သူတစ်ပါးထံမှ မချေးငှားပဲ (၃) လခန့်စားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ ၆၀ % မှာ (၃) လမှ (၅)လ၊၁၂ % မှာ (၆) လ မှ တစ်နှစ်အထိ သူတစ်ပါးထံမှ မချေးငှားပဲ စားသောက်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ဆင်းရဲသောမိသားစုများသည် ငါးသောင်းကျပ် မှ တစ်သိန်းကျပ် အထိ အကြွေးတင်ရှိနေကြသည်။

## ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသား အများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝ၍ ကျန်းမာကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ် ၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့်

ကျန်းမာရေး အသိအမြင်များရှိကြသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနရှိသောကြောင့် ကျန်းမာရေးဝန်ထမ်းများ၏ ပညာပေးဟောပြောမှုများနှင့် ကုသပေးမှုများကြောင့် ကျန်းမာရေးနှင့်အာဟာရမှာ ပြောပလောက်စရာမရှိပါ။

**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံ အရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် နည်းပါးပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင်တက်ရောက်သင်ကြားနိုင်သည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၆)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ (၂) ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (၁) ဖွဲ့ စသည်တို့ရှိပါသည်။ အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှာအားနည်းပါသည် ။ နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေး လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပြီး အဖွဲ့အစည်း၏ ဆောင်ရွက်မှုအားကောင်းလှပါသည်။ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်သင်တန်းများ ပို့ချနိုင်ပါက ပိုမိုကောင်းမွန်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာနိုင်ပါသည်။ ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် အုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများ တိုင်ပင်ကာ လုပ်ဆောင်ကြပါသည်။

**သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး နှင့်မြေပဲ၊မုန့်ညင်း နှင့် ဟင်းစားပဲမျိုးစုံ၊ နေကြာတို့ကို စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ဧက (၆၀၀)ကျော်ခန့် ဂန်းကျင်ရှိပြီး

သီးထပ်အဖြစ်မြေပဲနှင့် နေကြာ ၊ဟင်းပဲမျိုးစုံတို့ကိုသာ ဆက်လက် စိုက်ပျိုးကြပါသည်။ မိုးစပါးပျှမ်းမျှအထွက်မှာ ၆၅ တင်းမှ ၇၀ တင်းခန့် တစ်ဧကတွင်ထွက်ရှိပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာ ကြုံတွေ့ကြရပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြပြီး ကုန်ကျစရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ မိုးရွာသွန်းမှုမညီမျှပါ။ လယ်သမားများအနေဖြင့် စိုက်ဘဏ်မှ ငွေများကို နှစ်စဉ်ချေးယူကာ လုပ်ငန်းလုပ်ဆောင်နေကြပါသည်။

## စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများ မရှိကြပါ။ အခြားဝင်ငွေ လုပ်ငန်းများမှာ နေ့စား၊ ခေါင်းရွက်ဈေးရောင်းတို့ ဖြစ်ကြသည် ။ အစိုးရဝန်ထမ်း အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ အပ်ချုပ်ဆိုင်အနည်းငယ်လည်းရှိပါသည်။

## ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲခင်းများ၊မုန်ညင်းခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ပါသည်။ ပိုးသတ်ဆေးနှင့်ဓာတုပိုးသတ်ဆေးများသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးပါသည်။ အားကောင်းသော မုန်တိုင်းများဝင်ရောက်မှု တစ်ခါတစ်ရံ၌သာ ကြုံတွေ့ရတတ်ပါသည်။

## ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၇၀)ပြား တစ်ဧက(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ချေးယူ၍ လယ်မြေများ၌ စိုက်ထုတ်ရင်းနှီးရပါသည်။ သမဝါယမချေးငွေကိုလည်း တစ်ဧကလျှင် တစ်ဦး တစ်သိန်းမှသုံးသိန်းအထိ ၁ကျပ်ခွဲနှုန်းဖြင့်ချေးပေးပါသည်။ ၆ လတစ်ကြိမ်ပြန်ဆပ်ရပါသည်။ ကျေးရွာသား အနည်းငယ်သည် လယ်ယာမရှိသူများဖြစ်ကြ၍ ဝမ်းစာအတွက် ဆန်စပါးများကို ချေးငှားကြရ၍ ဆန်တစ်တင်းလျှင် ဆန်တစ်တင်းအတိုးဖြင့် ပေးဆပ်နေရသူများလည်းရှိပါသည်။

## ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ကျေးရွာတွင် မူလတန်းကျောင်းနှင့် ကျန်းမာရေးဌာနခွဲရှိသည်။ အချို့အိမ်များတွင် ရေတွင်းများရှိ၍ နီးစပ်ရာအိမ်များမှခပ်ယူသုံးစွဲကြပါသည် ။ ပတ်ဝန်းကျင်သန့်ရှင်းမှုအတွက် ပလတ်စတစ်များစွန့်ပစ်ခြင်းကိုနည်းလမ်းကောင်းများပေးရန်လိုအပ်နေပါသည်။ တွဲဆက်အလယ်တန်းကျောင်းလည်းရှိပါသည်။ ၄င်းကျောင်းမှာ နံရံကပ် ၊ သွပ်မိုးဖြစ်ပြီး အလျားပေ ၂၀၀၊အနံ ၃၀ ပေရှိပြီး စာသင်ခန်းတစ်ခန်းလျှင် အလျား ၉၀ ပေ၊ အနံ ၃၀ ပေရှိပြီး အပေါ်ထပ်တွင် (၆) ခန်း၊ အောက်ထပ်တွင် (၆) ခန်း ရှိပါသည်။ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုရှိပါသည်။ ရေသန့်စက်ရှိ၍ ကျောင်းသားများသောက်သုံးရေ အဆင်ပြေပါသည်။

## အခြေခံအဆောက်အဦ – လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေးလက်လှမ်းမှီမှု၊

၁၉၉၄ ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ နန်မွန်းတား – ခမိတ်လမ်းကို ၂ ဖာလုံခင်းပေးခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်မှ ကျန်ရှိလမ်းအား ၂ ဖာလုံခင်းပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ ၂ မိုင်ခင်းပေးခဲ့သေးရာ တစ်ရွာလုံး ကတ္တရာလမ်းဖြစ်ရန် ၅ ဖာလုံခန့်ကျန်ရှိနေသေးသည် ရေလမ်းခရီးအနေဖြင့် မော်လိုက်မြို့နယ် ချင်းတွင်းမြစ်သို့ ယူးမြစ်မှ သွားရောက်နိုင်သည်။ ကျေးရွာ၏ လျှပ်စစ်မီးလိုင်းများမှာ ၂၀၁၅ ဩဂုတ်လ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွား၍အိမ်ထောင်စု ၉၅ % မှာ ဆိုလာဖြင့်မီးထွန်းကြသည်။ MPT/Ooredoo/Telenor မိုဘိုင်းဖုန်းလိုင်းများရှိကြ၍ သတင်းအချက်အလက်ရယူရန်နှင့် ဆက်သွယ်မှုများတိုးတက်မြန်ဆန်သည်။

## ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး

ကျေးရွာအတွင်း ရာဇဝတ်မှုခင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်း တယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း

ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ်လျှော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့အလွယ်အတူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

## ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာတွင် ဆိုလာမီးများရရှိခြင်းကြောင့် ကျောင်းသူ၊ကျောင်းသား များအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်း စသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုပါသည်။ လူငယ်ပညာတတ်များ အသင့်အတင့်ရှိပြီး လူဦးရေအားလုံး၏ ၆၀ % မှာအလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်နည်းပါးပြီး မိရိုးဖလာ လယ်ယာလုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုလည်း အလွယ်တကူလက်လှမ်းမှီကြသည်။ကျေးရွာများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း တမူးခရိုင်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေကြသည်။ သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ကျေးရွာတွင် ကြက်၊ဝက်၊ကျွဲ၊နွား များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။

## အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာ အသင့်တင့်ကောင်းမွန်သော်လည်း ၂၀၁၅ ဩဂုတ်လက ရေကြီးရေလျှံမှုကြောင့် လယ်များ ပျက်စီးခဲ့ရသည်။ အချို့သောလယ်မြေများ

သဲဖုံးခဲ့ရသည်။ လယ်ရေသွင်းဆည်နှင့် ရေမြောင်းများပျက်စီးခဲ့သည်။ လယ်ကွက်ထဲ၌ ရေစီးချောင်းများဖြစ်ပေါ်ခဲ့သည်။ ၄င်းလယ်မြေများ မူလအနေအထားသို့ ပြန်ရောက်ရန် ဆည်များပြုပြင်ခြင်း၊ ရေသွင်းမြောင်းများပြုပြင်ခြင်းနှင့် လယ်မြေများပြန်လည်ညှိပေးခြင်း များကို နိုင်ငံတော်မှ ပံ့ပိုးကူညီပေးပါက မူလအနေအထားသို့ ရောက်ရှိကာ စပါးစိုက် တောင်သူများအနေဖြင့် စီးပွားရေးတိုးတက်လာမည်ဖြစ်ပါသည်။

## ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ် ထားပါသည်။ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင် များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်း မှတစ်ဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။ ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ် မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့်ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။ ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေး ဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာစေရ မည်။

## ဆောင်ရွက်မည့်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိ ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ကျေးရွာတွင် အရင်းအနှီးငွေနှင့် နည်းပညာများကို အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားချေးငွေနှင့် မြို့နယ်ရှိ ဘဏ်များ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာစေရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ဆောင်ရွက်သွားပြီး ရရှိသော ငွေများကိုကျေးရွာတွင် မျှဝေကာ ဖွံ့ဖြိုးတိုးတက်အောင် အသုံးချ သွားပါမည်။

ကျွန်ုပ်တို့သည် အပ်ချုပ်နှင့်ဇာထိုးပန်းထိုးနှင့် ဖပ်လျှော်သင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။

ပညာရေးဌာနနှင့်ချိတ်ပြီးဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသောဆရာ/ဆရာမများ ခန့်ထားနိုင်ရေးအတွက်ဆောင်ရွက်သွားမည်။

ကျေးရွာလူမှုရေးအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

# ကျေးရွာ၏ဦးစားပေးစီမံချက်များ

…………ခမိတ်………ကျေးရွာ တမူးမြို့နယ်

| စဉ် | စီမံချက်များ | ရမှတ် | အဆင့် |
|---|---|---|---|
| ၁ | ဆည်မြောင်းပြုပြင်ပေးရေးစီမံချက် | ၁၀၀ | ၁ |
| ၂ | လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ပေးရေးစီမံချက် | ၉၀ | ၂ |
| ၃ | သင်္ချိုင်းမြေနေရာဖော်ထုတ်ပေးခြင်း | ၈၀ | ၃ |
| ၄ | ဘောလုံးကွင်းမြေနေရာဖော်ထုတ်ပေးခြင်း | ၇၀ | ၄ |
| ၅ | ကျေးရွာတွင်း ကတ္တရာလမ်းဆက်ခင်းရန်စီမံချက် | ၆၀ | ၅ |
| ၆ | ကျေးရွာလမ်းကြားကျောက်ခင်းပေးရန်စီမံချက် | ၅၀ | ၆ |
| ၇ | ကျေးရွာသုံးရေသန့်စင်စက်ရရှိရေးစီမံချက် | ၄၀ | ၇ |
| ၈ | အိမ်တိုင်းရေပေးဝေရေးစီမံချက် | ၃၈ | ၈ |
| ၉ | ကျေးရွာတွင်ရေနုတ်မြောင်းကွန်ကရစ်ပိုက်လုံးချပေးရန်စီမံချက် | ၃၇ | ၉ |
| ၁၀ | ကွဲနွားစားကျက်မြေသတ်မှတ်ပေးရန်စီမံချက် | ၃၄ | |
| ၁၁ | | | |
| ၁၂ | | | |
| ၁၃ | | | |
| ၁၄ | | | |
| ၁၅ | | | |
| ၁၆ | | | |
| ၁၇ | | | |
| ၁၈ | | | |
| ၁၉ | | | |
| ၂၀ | | | |
| ၂၁ | | | |
| ၂၂ | | | |

## (ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် စီမံချက်၏ အချိန် ဇယား ကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သည်များကိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ် လည်ကျေးရွာ ဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံကိန်း | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ဆည်မြောင်းပြုပြင်ပေးရေးစီမံချက် | ၁ | √ | - | - | - | - |
| ၂။လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ပေးရေးစီမံချက် | ၂ | - | √ | - | - | - |
| ၃။ သင်္ချိုင်းမြေနေရာဖော်ထုတ်ပေးခြင်း | ၃ | - | - | √ | - | - |
| ၄။ ဘောလုံးကွင်းမြေနေရာဖော်ထုတ်ပေးခြင်း | ၄ | - | - | - | √ | - |
| ၅။ ကျေးရွာတွင်း ကတ္တရာလမ်း ဆက်ခင်းရန်စီမံချက် | ၅ | - | - | - | - | √ |
| ၆။ ကျေးရွာလမ်းကြားကျောက်ခင်းပေးရန် စီမံချက် | ၆ | - | - | - | - | √ |
| ၇။ ကျေးရွာသုံးရေသန့်စင်စက်ရရှိရေး စီမံချက် | ၇ | - | - | - | - | √ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၇ | ၁၁ | ၁၈ | |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၄၇ | ၄၇ | ၉၄ | |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသား အရွယ် | ၆၉ | ၅၀ | ၁၁၉ | |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၈၅ | ၅၄ | ၁၃၉ | |
| ၁၅ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၃၇၇ | ၃၉၃ | ၇၇၀ | |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၃၄ | ၅၈ | |
| **စုစုပေါင်း လူဦးရေ** | | **၆၀၉** | **၅၉၇** | **၁၂၀၆** | |
| **စုစုပေါင်း အိမ်ထောင်စု –** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ –** | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင်အလုပ်လုပ်နိုင်သည့် အရွယ် လူဦးရေမှာ တစ်ရွာလုံးတွင် အများဆုံးဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ နို့စို့အရွယ်ကလေးငယ်နှင့်၅ နှစ်အောက်ကလေး ငယ်များအနည်းငယ်ရှိပါသည်။ မူလတန်းကျောင်းနေရွယ်နှင့် အလယ်တန်းကျောင်းနေရွယ် ကျောင်းသားဦးရေမှာ အနည်းငယ်များပါသည်။ ကျေးရွာတွင် ကျား ဦးရေသည် မ ဦးရေထက်အနည်းငယ်ပိုများပါသည်။**

………………………………………………………………………………………

……..

………………………………………………………………………………………

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | | ၁ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ရှိ | | | | |
| ၁၇ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ | ရှိ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ် အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ရှိ | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| | **စုစုပေါင်း** | | | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကြက်ဝက်များကို အိမ်တိုင်းလိုလိုတစ်နိုင်တစ်ပိုင် မွေးမြူကြသည်။တခြားကျပန်းလုပ်ကိုင်သူများလည်း ရှိပါသည်။ စိုက်ပျိုးရိတ်သိမ်းရာသီတွင်သာလုပ်ငန်းများရှိ၍ ထိုရာသီကုန်လျှင်လုပ်ငန်းများမရှိပါ ။ ထို့ကြောင့်ကျေးရွာသူကျေးရွာသားများသည် ပြင်ပသို့သွား၍ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြရပါသည်။**

…………………………………………………………………………………………
……..

…………………………………………………………………………………………
……..

…………………………………………………………………………………………

……..

………………………………………………………………………………………….
……..

………………………………………………………………………………………….
……..

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ငေ ေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |
| ၉ | ကျွမ်းကျင်ပညာရှင်မျ ား (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | မရှိ | ၃၀၀၀ | မရှိ | ၂၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | မရှိ | မရှိ | မရှိ | မရှိ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

**(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးချိန်တွင် တစ်ဧကလျှင်အနည်းဆုံး ၂၀၀၀ မှ အများဆုံး ၃၅၀၀ ထိ ရရှိကြသည်။ နေ့စားလုပ်အားခမှာ တစ်နေ့လျှင် အနည်းဆုံး ၃၅၀၀ ကျပ်မှ ၄၀၀၀ ကျပ်ထိရှိသည်။ လုပ်အားခ စပါးယူလျှင် တစ်ဧကမှာ အနည်းဆုံး (၆) တင်းမှ အများဆုံး (၈) တင်းအထိဖြစ်သည်။ နေ့စားလုပ်အားခတစ်နေ့လျှင် (၁) တင်းပေးရသည်။ မုန့်ညင်းတစ်ဧက လုပ်အားခမှာ ၂၀၀၀၀ အထိဖြစ်သည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက ) |
|---|---|---|---|---|
| လယ်မြေ | ၆၆၂.၅ | သင့် | အနည်းအကျဉ်း | |
| ယာမြေ /တောင်ယာ | ၂၃၄ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | မရှိ | | - | |
| အိမ်ခြံဝင်း စိုက်ခင်း | ရှိ | သင့် | - | |
| နှစ်ရှည်သီးနှံစိုက်ခင်း | မရှိ | | - | |
| ရွှေ့ပြောင်းတောင် ယာမြေ | မရှိ | | - | |
| ကိုင်း/ကျွန်းမြေ | ၄၃၄ | သင့် | - | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ကော) |
|---|---|---|---|---|
| စားကျက်မြေ | မရှိ | | - | |
| ပလပ်မြေ | ၃၀၀ | သင့် | မရရှိ | |
| အခြား | | | - | |
| စုစုပေါင်း | ၁၆၃၀.၅ | | အနည်းအကျဉ်း | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား–ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ လယ်ယာကိုင်းကျွန်းမြေ ပိုင်ဆိုင်မှု အသင့်တင့်ရှိသဖြင့် လယ်ယာစိုက်ပျိုးခြင်းကို အဓိကထားဆောင်ရွက်ကြပါသည်။ ပလယ်မြေများရှိပြီး မြေဆီဩဇာသင့်တင့်စွာ ကောင်းမွန်သော်လည်း ဆည်ရေမရရှိပါ။-------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------------

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ခတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လမ်းမမီ |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ယခင်တုန်းက သဘာဝတိရစ္ဆာန်မျိုးစိတ်များပေါ်များစွာရှိပါသည်။ ယခုနောက်ပိုင်းတွင်လူသားတို့သည် အမဲပစ်မှုများလာသောကြောင့် တောတွင်းတိရစ္ဆာန်များ ရှားပါးသွားသည်။

…………………………………………………………………………………………
……..

…………………………………………………………………………………………
……..

…………………………………………………………………………………………
……..

…………………………………………………………………………………………
……..

………………………………………………………………………………………………

……..

………………………………………………………………………………………………

……..

(၁.၄)ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂ | | | |
| အိမ်အခြေအနေ | ကောင်း | သင့် | အသင့်တင့် | ညံ့ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ကောင်း | လက်တွန်းထွန်စက်ရှိ | မရှိ | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | သင့် | သင့် | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ဆန်စက်/ ဆီစက် | ဆိုင်ကယ် | မရှိ | မရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ( %) | ( %) | ( %) | ( %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အလွန်ဆင်းရဲသောအိမ်ထောင်စုတွင် မိသားစုများ၍ အလုပ်လုပ်နိုင်သူတစ်ယောက်သာရှိသောကြောင့် ဝင်ငွေထွက်ငွေမမျှပါ။ အချို့သောအိမ်တွင် အသက်အရွယ်ကြီးရင့်၍ အလုပ်မလုပ်နိုင်တော့ခြင်း ၊ လင်ယောကျာ်းသေဆုံး၍ အမျိုးသမီးဦးဆောင်နေရခြင်း စသည့်အိမ်ထောင်စုများရှိကြသည်။

……………………………………………………………………………………………
……..

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၇ | | |
| ၃ လနှင့် ၆ | ၁၉ | | |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| လအောက် | | | |
| ၆လ မှ ၁၂ လ အထိ | ၆ | ၆% | |

ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရိတ်သိမ်းရာသီမရောက်ခင် ကြိုတင်၍လုပ်အားခထုတ်ယူ၍ ရာသီချိန်ရောက်မှ လုပ်အားဖြင့် ပြန်ပေးဆပ်ရသောအိမ်ထောင်စုများရှိသည်။

……………………………………………………………………………………………

……..

……………………………………………………………………………………………

……..

……………………………………………………………………………………………

……..

……………………………………………………………………………………………

……..

……………………………………………………………………………………………

……..

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | မရှိ | မရှိ | မရှိ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | မရှိ | မရှိ | မရှိ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | မရှိ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စု (၂) စု ကျေးရွာတွင်ရှိပါသည်။

………………………………………………………………………………………
……..

………………………………………………………………………………………
……..

………………………………………………………………………………………

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | ၂၀၁၅ ရေကြီးမှုကြောင့်လယ်ယာများပျက်စီး |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးမြေ) | ၂၀၁၅ ရေကြီးမှုကြောင့်ပျက်စီး | ချောင်းဆည်ပျက်ခြင်း၊သဲပုံခြင်း၊မြောင်းပျက်ခြင်း၊ရေစီးကြောင်းဖော်ခြင်း |
| ၃ | ရေကြီးခြင်း | နိမ့် | နှစ်စဉ်မရှိ |
| ၄ | မိုးခေါင်ခြင်း | လတ် | တစ်ခါတစ်ရံမိုးရွာသွန်းမှုနည်း |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ရေခဲအဆင့်မရောက်ရှိ |
| ၆ | မုန်တိုင်း | နိမ့် | အပြင်းအထန်မရှိ |
| ၇ | လျှော် | နိမ့် | အပြင်းအထန်မရှိ |
| ၈ | မီးဘေး | နိမ့် | ကြို့တင်ကာကွယ်မှုရှိသည် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်မရှိပါ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | နိမ့် | ၂၀၁၅ ရေကြီးရေလျှံမှုကြောင့်ပျက်စီး |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | အိမ်ယာ/စိုက်ပျိုးမြေချဲ့ထွင်၍ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | သစ်တောပြုန်းတီး |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | မရှိ |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးဌာနမှကုသပေးခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ကူးစက်ခံရခြင်းမရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု | လတ် | မရှိ |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | နိမ့် | တမူးမြို့နှင့် (၁၂) မိုင်သာဝေးကွာ၍ သွားလာရေးလွယ်ကူသည်။ |
| ၁၉ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် နွေရာသီ၌ လေပြင်းမုန်တိုင်းများနှစ်စဉ်လိုလိုတိုက်ခတ်သည်။ ၂၀၁၃ ခုနှစ်က တိုက်ခတ်ခဲ့သောမုန်တိုင်းသည် အပြင်းထန်ဆုံးဖြစ်သည်။ ၂၀၁၅ နွေရာသီက မိုးသီးများကျရောက်၍ အိမ်များ၊ကျောင်းများ၊ ဘုန်းကြီးကျောင်းမှ သွပ်မိုးများပေါက်ခဲ့ရသည်။

………………………………………………………………………………………………

…….

**. (၁.၅.၄)  ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | ကောင်းမွန်စွာနေခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေ များသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ဆင်းရဲအိမ်ထောင်စု များသောကြောင့် |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ တွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ဈေး ရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |
| ၂၀ | ကားသမား | နိမ့် | သုံးဘီး (၂)စီးရှိ၊ လိုင်းပြေးဆွဲ |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မိုးတွင်းအခါ၌ နန်မွန်းတားချောင်းမှ လယ်မြေများသို့ရေကြီးရေလျှံ ဖြစ်တတ်မှုများသည်။ ရွာမပိုင်း (အောက်ကျင်းရွာ)သို့ ရေလျှံမှုရှိတတ်သည်။ ၂၀၁၅ ဩဂုတ်လရေလျှံမှုကြောင့် ၄င်းဒေသမှ (၆၈) အိမ် အိမ်ခေါင်မိုးထိ ရေရောက်ခဲ့သည်။ ကုန်းမြင့်ပိုင်း စာသင်ကျောင်းရှေ့ရှိ အိမ်များပါ ကြမ်းခင်းပြင်ထိ ရေရောက်ရှိခြင်း ကြုံတွေ့ခဲ့ရပါသည်။

…………………………………………………………………………………………………

……..

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါ်ပကအဖွဲ့ | ၂ | ၁၀ | | ၂၀ | | ၂ | ၆ |
| ၂ | ပရဟိတအဖွဲ့ | ၂ | ၂၅ | | ၅၀ | | ၂ | ၇ |
| ၃ | အမျိုးသား/အမျိုးသမီး | ၂ | ၅၀ | ၅၀ | ၁၀၀ | | ၄ | ၆ |
| ၄ | မီးသတ်အဖွဲ့ | ၁ | ၃၅ | | ၃၅ | | ၁ | ၇ |
| ၅ | နာမှုကူညီ | ၁ | ၁၇ | ၂၀ | ၃၇ | | ၁ | ၇ |
| ၆ | အမျိုးသမီးရေးရာ | ၁ | | ၁၅ | ၁၅ | | ၁ | ၅ |
| ၇ | မိခင်နှင့်ကလေး | ၁ | | ၁၂ | ၁၂ | | ၁ | ၂ |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျန်းမာရေးကူညီမှုအသင်း (နာမှုကူညီ) သည် ၂၀၁၅ ခုနှစ် မှစ၍ အဖွဲ့ဝင် (၂၀) ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာမှ အလှူငွေ လက်ခံကာ ရန်ပုံငွေထားရှိသည်။ နာရေးကိစ္စများ၌ ငွေကြေးအားနည်းသူများ ကို ငွေကြေးမှ အစ အစစအရာရာ ထောက်ပံ့ပါသည်။

--------------------------------------------------------------------------------

--------------------------------------------------------------------------------

------------------------------

**(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၁ | | | |

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်အစီအစဉ် |
|---|---|---|---|
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း** (ဥပမာ – UK Aid, GIZ **စသည့်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**လေ့လာတွေ့ရှိချက်။ ။ ထူးခြားစွာမတွေ့ရှိရပါ။** ---------------------------------

---------------------------------------------------------------------------

---------------------------------------------------------------------------

------------------------------------------------------------------

**(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၂.၂.၁) သီးနှံထုတ်လုပ်ရေး**

**(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဥ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၃ | ၃၀% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁၄ | ၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၁၉ | ၆% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား | ၇၆ | ၂၁% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၃၄ | ၉% | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားပြီး မြေယာမဲ့အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် အခြားလယ်ယာများတွင် နေ့စားအငှားလုပ်ကိုင်ကြပြီး လယ်ယာရိတ်သိမ်းပြီးချိန်တွင် အခြားနေ့စား ပန်းရံလုပ်ငန်း၊ ဈေးရောင်း အစရှိသည်များ ရှာဖွေလုပ်ကိုင်ကြပါသည်။

……………………………………………………………………………………

……………………………………………………………………………………

……………………………………………………………………………………

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဇေရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | မရှိ | | | |
| ၂ | ရေလွှဲဆည် | မရှိ | | | မရှိ |
| ၃ | မြစ်ရေတင် စီမံကိန်း | မရှိ | | | မရှိ |
| ၄ | အဝီစိတွင်း | မရှိ | | | မရှိ |
| ၅ | လက်ငင် ရေတွင်း | ပုဂ္ဂလိက | | | မရှိ |
| ၆ | စိမ့်စမ်းရေ | ပုဂ္ဂလိက | ၆၀ | မိုးရာသီစပါး | ရှိ |
| ၇ | ချောင်းရေ | စုပေါင်း | ၄၀၆ | ရာသီအလိုက် | လက်ရှိပျက်စီး |
| ၈ | အခြား | | | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဇေရိယာမှာ ယခင်က စိမ့်စမ်းရေနှင့်ချောင်းရေမှ ရေသွင်းနိုင်ပြီး ယခုအခါတွင် ချောင်းရေမှ ရေသွင်းခြင်းမှာ လက်ရှိပျက်စီးနေ၍ စိမ့်စမ်းရေမှ ရေသွင်းခြင်းကို မိုးရာသီစပါးပေါ်ချိန်၌သာ ရရှိအသုံးပြုနိုင်ပါသည်။**

………………………………………………………………………………………

………………………………………………………………………………………

………………………………………………………………………………………

………………………………………………………………………………………

**(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက် ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၆၂၅ | တင်း | ၃၀ | ၇၀ | ၆၅ | ဇွန် | ဩဂုတ် | နိမ့် | လတ် | |
| မုန်ညင်း | ၂၀၂ | တင်း | ၆ | ၁၂ | ၈ | စက်တင်ဘာ | နိုဝင်ဘာ | နိမ့် | လတ် | |
| မြေပဲ | ၁၁၂ | တင်း | ၈ | ၂၀ | ၁၂ | စက်တင်ဘာ | နိုဝင်ဘာ | နိမ့် | လတ် | |
| နှမ်း | ၈ | တင်း | ၂ | ၁၀ | ၅ | စက်တင်ဘာ | နိုဝင်ဘာ | နိမ့် | လတ် | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် ဆန်စပါးမှာ တစ်ဧကလျှင် ၃၀ မှ ၇၀ တင်း၊ မုန်ညင်းမှာ ၆ တင်း မှ၁၂ တင်း အထိ၊ မြေပဲမှာ ၈ တင်းမှ ၂၀ တင်းအထိ နှမ်းမှာ၂တင်းမှ၁၀တင်းအထိ ထွက်ရှိသဖြင့်**

သီးနှံထွက်နှုန်းမှာအသင့်တင့်မျှသာဖြစ်ပါသည်။

..........................................................................................................................................

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| **ထွန်စက်** | ၁ | - | - | - | - | ၅ | |
| **လက်တွန်းထွန်စက်** | ၃၅ | - | - | - | | | |
| **အစေ့ချ ကိရိယာ** | - | - | - | - | - | - | |
| **ရိတ်သိမ်းခြွေလှေ့စက်** | - | - | - | - | - | - | |
| **ရိတ်သိမ်းစက်** | - | - | - | - | - | - | |
| ခြွေလှေ့စက် | ၂ | | | | | ၁၀၀ | |
| ရေစုပ်စက် | ၅ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| **မြက်ရိတ်စက်** | ၃၀ | | | | ၅ | | |
| **အခြား** | | | | | | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာများ အသင့်တင့်ပိုင်ဆိုင်ကြကြောင်းတွေ့ရှိရပါသည်။**

…………………………………………………………………………………………………………

…………………………………………………………………………………………………………

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ)** | **တောတောင်များကို ရှင်းလင်းဖော်ထုတ်ပါက လယ်ဧက (၂၀၀) ခန့်ရရှိနိုင်ပါသည်။** |
| **ရေရင်းမြစ်** | **စမ်းချောင်းများမှစပါးစိုက်ပျိုးရန်ရေရရှိနိုင်သည်။** |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | **ကျွဲ၊နွားချေးများကို သဘာဝမြေဆွေးအဖြစ် အသုံးပြုသည်။** |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | **အလွယ်တကူရရှိနိုင်ပါသည်၊ဓာတုပိုးသတ်ဆေးအနည်းငယ် သုံးစွဲပါသည်။** |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | **အစိုးရမှစိုက်ပျိုးစရိတ်ချေးငွေတစ်ဧက (၁၅၀၀၀၀) ကျပ်ရရှိပါသည်။** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | **အလွယ်တကူမရရှိနိုင်ပါ** |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သွင်းအားစု ဈေးကွက် | **သွင်းအားစုများအလွယ်တကူဝယ်ယူမရရှိနိုင်ပါ** |
